# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 20 , 2023 | Volume 73, Number 13

၂၀.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၁ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၁၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၉၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၁၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မန်းဈေးကွက်အတွင်း ရာသီစာ ဗမာခရမ်းချဉ်သီးဈေးကွက်



မန္တလေးမြို့တွင်း ယခုဆောင်းရာသီကာလတွင် ဗမာခရမ်းချဉ်သီးများ လှိုင်လှိုင်ထွက်ရှိပါသည်။ ဗမာခရမ်းချဉ်သီးကို အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းနှင့် ပုသိမ်ကြီးမြို့နယ် မင်းဂံနှင့်အရှေ့တောတို့တွင် မိုးသီးနှံများ မစိုက်ပျိုးမီကာလ ဩဂုတ်လတွင် စတင်စိုက်ပျိုးကြသည်။ ဒေသတောင်သူများအနေနှင့် စတင်စိုက်ပျိုးချိန်တွင် ဓာတ်မြေဩဇာသာမက နွားချေးနှင့်ကောက်ရိုးများကို မြေဩဇာအဖြစ်အသုံးပြုပြီးစိုက်ပျိုးကြသည်။ စိုက်ပျိုးပြီး ၂-၃ လအတွင်း သီးပွင့်အားဆေး ၁ ကြိမ်ဖျန်းပြီးပါက နိုဝင်ဘာလကုန်ပိုင်းတွင် အသီးများစတင်ခူးဆွတ်နိုင်ပါသည်။ စတင်ခူးဆွတ်ချိန်ကာလတွင် ခရမ်းချဉ်ယာတစ်ခင်းလျှင် ကုန်ချိန်ပိဿာ ၅ ပိဿာမှ ၇ ပိဿာဝန်းကျင်ရရှိပြီး ဈေးကောင်းရရှိသည့်ကာလလည်းဖြစ်ပါသည်။ ယခုနှစ်ရာသီ နိုဝင်ဘာလ တတိယပတ်တွင် တောင်သူရောင်းဈေး ခရမ်းချဉ်သီး ၁ ပိဿာ ၃၀၀၀-၃၂၀၀ ကျပ် ဈေးနှုန်းများနှင့် စတင်ဖွင့်ခဲ့ပြီး၊ ဒီဇင်ဘာလ လှိုင်လှိုင်ပေါ်သည့်ရာသီတွင် တောင်သူရောင်းဈေး ၂၃၀၀-၂၅၀၀ ကျပ်၊ ၁၅-၁၂-၂၀၂၃ ရက်နေ့တွင် ၁၈၀၀-၂၀၀၀ ကျပ်ဈေးများနှင့် ရောင်းဝယ်လျက်ရှိပြီး၊ စားသုံးသူများဝယ်ယူရာတွင်လည်း စတင်ပေါ်ချိန်တွင် ၁ ပိဿာ ၄၀၀၀ ကျပ်မှ စတင်ဝယ်ယူခဲ့ရပြီး၊ ၁၅-၁၂-၂၀၂၃ ရက်နေ့တွင် စားသုံးသူဝယ်ယူဈေး ၁ ပိဿာ လုံးကြီးလုံးချော ၂၅၀၀ ကျပ်မှ အမှည့်သီး များကို ၁ ပိဿာ ၂၀၀၀ ကျပ်ဈေးများနှင့် ဝယ်ယူရကြောင်း၊ တောင်သူများ အနေနှင့် ရာသီစာခရမ်းချဉ်သီး စတင်စိုက်ပျိုးချိန်တွင် မျိုးစေ့ကိုလည်း ယခင်နှစ် ရာသီကအစေ့ထုတ်၍ နောင်နှစ်စိုက်ပျိုးရန်အတွက် အစေ့များကို စနစ်တကျထိန်းသိမ်းထားရှိပြီး စိုက်ပျိုးကြပါသည်။ သဘာဝမြေဩဇာကို အသုံးပြုခြင်း သီးပွင့်ရာသီရောက်ခါနီးတွင် သီးပွင့်အားဆေး ၁ ကြိမ်ပက်ဖျန်းပေးခြင်းဖြင့် အသီးများ လှိုင်လှိုင်

သီးသည့်အတွက် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်နိုင်ပြီး အကျိုးအမြတ်ခံစားရသည့် သီးနှံတစ်ခုဖြစ်ကြောင်း သိရသည်။

**Source: https://www.doca.gov.mm**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ယခုနှစ် ၁၁ လတာကာလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘောအစင်းရေ ၅၈၀ ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်ခဲ့

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ယခုနှစ် ၁၁ လတာကာလအတွင်း နိုင်ငံတကာကုန်တင် သင်္ဘောအစင်းရေ ၅၈၀ ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ယခုနှစ်အတွင်းဝင်ရောက်ခဲ့သည့် နိုင်ငံတကာကုန်တင် သင်္ဘောများအနေဖြင့် ဇန်နဝါရီလတွင် ၅၂ စင်း၊ ဖေဖော်ဝါရီလတွင် ၅၁ စင်း၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင် အစင်းရေ ၅၀၊ မေလတွင် ၅၆ စင်း၊ ဇွန်လတွင် ၅၇ စင်း၊ ဇူလိုင်လတွင် ၅၃ စင်း၊ ဩဂုတ်လတွင် ၅၄ စင်း၊ စက်တင်ဘာလတွင် ၅၃ စင်း၊ အောက်တိုဘာလတွင် ၄၉ စင်းနှင့် နိုဝင်ဘာလတွင် အစင်းရေ ၅၀ စုစုပေါင်းအစင်းရေ ၅၈၀ ဆိုက်ကပ်ကုန်သွယ်ခဲ့ကြောင်း သိရသည်။

ထိုသို့ နိုင်ငံတကာသင်္ဘောလိုင်းများ ဆိုက်ကပ်ရာတွင် Sealand Maersk ASIA သင်္ဘောလိုင်း၊ SITC သင်္ဘောလိုင်း၊ MSC သင်္ဘောလိုင်း၊ Samudera သင်္ဘောလိုင်း၊ Evergreen သင်္ဘောလိုင်း၊ P.I.L သင်္ဘောလိုင်း၊ BLPL သင်္ဘောလိုင်း၊ R.C.L သင်္ဘောလိုင်း၊ Land and Sea သင်္ဘောလိုင်း၊ CMA-CGM သင်္ဘောလိုင်း၊ COSCO သင်္ဘောလိုင်း၊ I.A.L သင်္ဘောလိုင်း၊ One သင်္ဘောလိုင်း၊ Ti2 Container သင်္ဘောလိုင်းနှင့် BAY သင်္ဘောလိုင်းစသည့်သင်္ဘောလိုင်းတို့ ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်ခြင်းဖြစ်သည်။

အဆိုပါ ကုန်သွယ်မှုများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၌ ဆိပ်ခံတံတား ၂၇ စင်းဖြင့် ဆောင်ရွက်လျက်ရှိပြီး သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှလည်း ဆိပ်ခံတံတား ၁၉ စင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/49833

## ပဲစင်းငုံသီးနှံ ပေါ်ဦးပေါ်စ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီးအတွင်း ပဲစင်းငုံသီးနှံကို နေရာအနှံ့အပြားတွင် စိုက်ပျိုးကြသည်။ ပဲစင်းငုံသီးနှံသည် ပို့ကုန်ပဲများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ဝယ်လိုအားများသော သီးနှံလည်းဖြစ်သည်။ ယခုရက်ပိုင်းတွင် ဈေးကွက်ထဲသို့ ပဲစင်းငုံ(နီ)အသစ်များ စတင်ဝင်ရောက်လာပြီဖြစ်ရာ ဒီဇင်ဘာလနောက်ပိုင်းတွင် များစွာဝင်ရောက်လာမည်ဖြစ်သည်။ ယခုနှစ်ထွက်ရှိလာသည့် ပဲစင်းငုံသီးနှံသည် အရည်အသွေးကောင်းနေတဲ့အတွက် ပေါ်ဦးပေါ်စမှာပင် ဈေးကောင်းရနေကာ စိုက်ပျိုးသူတောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိသည်။

ကုန်သည်များသည် အိန္ဒိယဝယ်လိုအားကိုစောင့်မျှော်ကာ ပဲစင်းငုံသီးနှံမထွက်ပေါ်မီ စက်တင်ဘာ၊ အောက်တိုဘာတို့မှစ၍ ကြိုပွိုင့်တစ်တင်းလျှင် (၈၀၀၀၀/၉၀၀၀၀) ကျပ်ဈေးဖြင့် ဝယ်နေကြသည်။ ပြီးခဲ့သည့်နှစ်တွင် ပဲစင်းငုံ(အဟောင်း)ဈေးသည် ကျပ်(၁၀၀၀၀၀)ဈေးဖြင့် နောက်ဆုံး အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုရက်ပိုင်းတွင် ပဲစင်းငုံ (အသစ်) ဈေးမှာ ကျပ် (၁၀၀၀၀၀) ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

ယခုဝယ်လိုအားကတော့ ကုန်သည်လုပ်ငန်းရှင်များမှ အဝယ်ရှိနေပြီး အောင်လံနယ်တဝိုက် ဈေးကွက်ထဲသို့ နေ့စဉ်ပဲစင်းငုံ(အသစ်)များ ပေါ်စဖြစ်သည့်အတွက် အိတ်(၅၀)လောက်သာ ဝင်ရောက်နေသေးကြောင်း ကုန်သည်တစ်ဦးထံမှသိရှိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မြေပဲဆန်ဈေး တစ်ရိပ်ရိပ်တက်

မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံများ အများဆုံးစိုက်ပျိုးသည့် တိုင်းတစ်တိုင်းဖြစ်သည်နှင့်အညီ ဆီအိုးကြီးဟုပင် တင်စားခေါ်လောက်သည်အထိ စိုက်ပျိုးထွက်ရှိသည်။ ဆီထွက်သီးနှံတစ်ခုဖြစ်သည့် မြေပဲသီးနှံသည် ယခင်နိုဝင်ဘာလတွင်

ဈေးကျဆင်းနေပြီး ယခုဒီဇင်ဘာလတွင် တရုတ်ဝယ်လိုအားကြောင့် ဈေးတစ်ရိပ်ရိပ်တက်နေကာ အရောင်းအဝယ်လည်း သွက်နေသည်။

ယခင်နိုဝင်ဘာလတွင် မြေပဲလုံးဆန်(နီ) တစ်ပိသာလျှင် (၅၅၀၀/၅၆၀၀/၅၈၀၀/၅၉၀၀/၆၀၀၀) ဈေးတို့ဖြင့် အရောင်း အဝယ်ဖြစ်ခဲ့ကာ မြေပဲလုံးဆန်(ဖြူ)တစ်ပိသာလျှင် (၅၅၀၀/၅၆၀၀/၅၈၀၀/ ၅၉၀၀)ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

ယခုဒီဇင်ဘာလတွင် မြေပဲလုံးဆန်(နီ)တစ်ပိသာလျှင် (၅၅၀၀/၅၆၀၀/၅၈၀၀/၅၉၀၀/၆၀၀၀/၆၁၀၀/ ၆၇၀၀/၆၈၀၀/ ၇၀၀၀/၇၅၀၀)ဈေးများ၊ မြေပဲလုံးဆန်(ဖြူ)တစ်ပိသာလျှင် (၅၅၀၀/၅၆၀၀/၅၈၀၀/၅၉၀၀/ ၆၀၀၀/၆၃၀၀/၆၅၀၀)ဈေးများအထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်လနှင့် ယခုလနှိုင်းယှဉ်ပါက မြေပဲဆန်တစ်ပိသာလျှင် ကျပ်(၁၀၀၀)မှ(၁၅၀၀)အထိ ဈေးမြင့်တက်ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆန်အဝင်နည်း၍ အရောင်းသွက်နေမှုအခြေအနေ

ဒီဇင်ဘာလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ မြေပဲဆန်ဝင်ရောက်မှုနည်းလာပြီး မြေပဲလုံးဆန်များကို တရုတ်ဝယ်လက်မှ ဝယ်ယူမှုရှိကြောင်း၊ ကျွန်းတွင်စိုက်ပျိုးမည့် တောင်သူများမှ မျိုးမြေပဲများဝယ်ယူနေပြီး၊ ဆီဆန်ကို ဆီစက်သမားများက ဝယ်ယူနေသောကြောင့် မြေပဲဆန်တစ်ပိဿာလျှင် ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၁၀၀၀ ထိ မြင့်တက် လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

မြေပဲလုံးဆန် (နီ) တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၄၀၀ မှ ၆၅၀၀၊ ယခင်တစ်ပတ်ကျပ် ၅၅၀၀ မှ ၅၈၀၀၊ ယခင်လကျပ် ၅၅၀၀ မှ ၆၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၆၀၀ မှ ၁၀၀၀၊ ယခင်လထက်ကျပ် ၄၀၀ မှ ၁၀၀၀ မြင့်တက်လာသည်။

မြေပဲလုံးဆန် (ဖြူ) တစ်ပိဿာ ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၅၈၀၀ မှ ၆၃၀၀၊ ယခင်တစ်ပတ် ကျပ် ၅၆၀၀ မှ ၆၀၀၀၊ ယခင်လကျပ် ၅၈၀၀ မှ ၆၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၃၀၀၊ ယခင်လထက်ကျပ် ၃၀၀ မြင့်တက်လာသည်။

S1 ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၅၃၀၀ မှ ၅၅၀၀၊ ယခင်တစ်ပတ်ကျပ် ၅၂၀၀ မှ ၅၃၀၀၊ ယခင်လကျပ် ၅၄၀၀ မှ ၅၅၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၂၀၀ ယခင်လထက်ကျပ် ၁၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## အိန္ဒိယကြက်သွန် မရနိုင်တော့သဖြင့် တရုတ်နှင့်ပါကစ္စတန်မှ မလေးရှားတင်သွင်းမည်




အိန္ဒိယအစိုးရသည် ကြက်သွန်တင်ပို့မှုကို လာမည့်နှစ်မတ်လအထိ ပိတ်ပင်ထားရန်ဆုံးဖြတ်ခဲ့ပြီးနောက် မလေးရှားနိုင်ငံသည် အိန္ဒိယ ကြက်သွန်မရနိုင်တော့သဖြင့် တရုတ်နှင့်ပါကစ္စတန်တို့မှ ကြက်သွန်နီ များ တင်သွင်းမည်ဖြစ်သည်။

ဒီဇင်ဘာ ၈ ရက်တွင် အိန္ဒိယနိုင်ငံသည် ကြက်သွန်နီ ပြည်တွင်း ဈေးနှုန်းများ မြင့်တက်ခြင်းကို တားဆီးရန်အတွက် လာမည့်နှစ် မတ်လ ၃၁ ရက်နေ့အထိ ကြက်သွန်နီတင်ပို့မှုအား တားမြစ်ခဲ့သည်။


စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေးဝန်ကြီး Datuk Seri Mohamad Sabu က ယခုလို ပင်ရင်းနိုင်ငံပြောင်းလဲဝယ်ယူသည့်အတွက် မလေးရှားကြက်သွန်နီဈေးကွက် ထဲတွင် ကြက်သွန်နီလက်လီဈေးကို သိသိသာသာ အပြောင်းအလဲဖြစ်စေမည်မဟုတ်ကြောင်း ပြောကြားသည်။ “ကျွန်တော်တို့ ဝယ်ယူဖို့အတွက် ပြင်ဆင်ထားပြီးပါပြီ။ ကြက်သွန်နီဈေးနှုန်း (လက်လီဈေး) ကို ပြည်တွင်းကုန်သွယ်မှုနှင့်နေထိုင်မှုစရိတ်စက ဝန်ကြီးဌာနက အစည်းအဝေးထိုင်ပြီး ဆုံးဖြတ်ပေးပါလိမ့်မယ်။ အခုဈေးနှုန်းနဲ့ သိပ်ကွာခြားမှာ မဟုတ်ပါဘူး" ဟု ၎င်းက ပြောကြားသည်။

မလေးရှားသည် အိန္ဒိယကြက်သွန်နီကို အများဆုံးတင်သွင်းခဲ့သည်။ စုစုပေါင်း ကြက်သွန်နီတင်သွင်းမှု စုစုပေါင်း၏ ၃၆ ရာခိုင်နှုန်းကို အိန္ဒိယထံမှတင်သွင်းသည်။ တရုတ်ထံမှ ၂၀ ရာခိုင်နှုန်းနှင့် ထိုင်းထံမှ ၇ ရာခိုင်နှုန်းတင်သွင်းသည်။

**Source: Bernama**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/7312-onion.html

## သကြား ပြည်ပတင်ပို့သည့် အိန္ဒိယနိုင်ငံသည် သကြားတင်သွင်းရသည့်နိုင်ငံဖြစ်လာနိုင်




အိန္ဒိယနိုင်ငံတွင် မိုးနည်းပါးခြင်းကြောင့် ကြံအထွက်နှုန်း လျော့ကျခြင်း၊ စိုက်ပျိုးဧရိယာလျော့နည်းခြင်းတို့ကြောင့် သကြား အထွက်နည်းလိမ့်မည်။

အိန္ဒိယနိုင်ငံ သကြားထုတ်လုပ်မှု၏ ထက်ဝက်နီးပါးကို ထုတ်လုပ်ပေးသည့် ပြည်နယ် ၂ ခု ဖြစ်သော Maharashtra နှင့် Karnataka တို့တွင် ကြံခင်းများသို့ ရေပေးဝေသည့်ဆည်များတွင် ရေလက်ကျန် လျော့နည်းနေသဖြင့် ရေမပေးဝေနိုင်ချေ။ သို့ဖြစ်ရာ ကြံအစား ဂျုံ၊ ကုလားပဲအစရှိသည်တို့ကို စိုက်ပျိုးကြရသဖြင့် ကြံစိုက်ဧရိယာလျော့နည်းနေသည်။

အိန္ဒိယ၏ သကြားအထွက်နှုန်းသည် ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြည်တွင်းစားသုံးမှုအတွက် မလုံမလောက်ဖြစ်သည်ကို ကြုံရလိမ့်မည်။

သို့ဖြစ်ရာ သကြားထုတ်လုပ်မှု ကမ္ဘာ့ဒုတိယအများဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံသည် သကြားကို ပြည်ပမှတင်သွင်း ရလိမ့်မည်ဟု ကုန်သည်များက ခန့်မှန်းထားကြသည်။ ၂၀၂၄ ခုနှစ်တွင် ပြည်ပသို့သကြားတင်ပို့မှု ပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/7315-sugar.html

## LC ဖွင့်လှစ်ပြီးသော စာချုပ်များအတွက် ကြက်သွန်နီတင်ပို့ခွင့်ပြုရန် အိန္ဒိယသို့ ဘင်္ဂလားဒေ့ရှ်တောင်းဆို



ဘဏ်ငွေလွှဲစာတမ်း LC စာရင်း ဖွင့်လှစ်ထားပြီးဖြစ်သော စာချုပ်များအတွက် ကြက်သွန်နီ တင်ပို့ခွင့်ပြုရေး အိန္ဒိယနိုင်ငံဘက်သို့ တောင်းဆိုနိုင်ရန်အတွက် လိုအပ်သလို ဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးထံ စာပေးပို့ အကြောင်းထားပြီးဖြစ်ကြောင်း၊ ထို့ပြင် ကြက်သွန်နီများကို စားဖိုချောင်သီးနှံဈေးကွက်တွင် သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့်ရောင်းချစေရေး သက်ဆိုင်ရာနယ်မြေအလိုက် ကြပ်မတ် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ ဒုတိယကော်မရှင်နာမင်းကြီးများသို့ ပြောဆိုထားကြောင်း သိရသည်။

ဒီဇင်ဘာလ ၇ ရက်နေ့တွင် အိန္ဒိယနိုင်ငံက ကြက်သွန်နီတင်ပို့မှု ကန့်သတ်ချက်ကို သက်တမ်းတိုးမြှင့်လိုက်ပြီးနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်တွင်းဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ သို့သော် အိန္ဒိယနိုင်ငံ၏ မူဝါဒ ပြောင်းလဲမှုမတိုင်မီ ဘင်္ဂလားဒေ့ရှ် လုပ်ငန်းရှင်များက အိန္ဒိယနိုင်ငံမှ ကြက်သွန်နီ တန်ချိန် ၅၂,၀၀၀ ခန့် ဝယ်ယူတင်သွင်းရန် အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် LC စာရင်းများကို သက်ဆိုင်ရာဘဏ်များတွင် စာရင်းဖွင့်လှစ်ခဲ့သည်။ ယခုအခါ ဘင်္ဂလားဒေ့ရှ်အစိုးရက အိန္ဒိယနိုင်ငံမှ ကြက်သွန်နီ အများအပြားတင်သွင်းရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရပါသည်။

အိမ်နီးချင်းအိန္ဒိယနိုင်ငံမှ ကြက်သွန်နီတင်ပို့မှုကန့်သတ်ချက် သက်တမ်းမတိုးမြှင့်မီ အစောပိုင်းအချိန်ကပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံမှ ကြက်သွန်နီ တန်ချိန် ၅၂,၀၀၀ ကိုဝယ်ယူရန် LC စာရင်း ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ကြက်သွန်နီ ဈေးနှုန်းကို ထိန်းသိမ်းနိုင်ရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံမဟုတ်သည့် အခြားနိုင်ငံမှ ကြက်သွန်နီ တင်သွင်းရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးကော်ပိုရေးရှင်း၏ ဝင်ငွေနည်းပြည်သူများအတွက် ကြက်သွန်နီရောင်းချပေးမှု အစီအစဉ်ကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ကြက်သွန်နီကို ခရိုင်၊ မြို့နယ်များ၌ သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ရောင်းချစေရေးအတွက် သက်ဆိုင်ရာဒုတိယကော်မရှင်နာမင်းကြီးများက ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် မရှိမဖြစ်လိုအပ်သော အခြေခံကုန်ပစ္စည်းများကို ဈေးနှုန်းကြီးမြင့်မှုဒဏ်ခံစားရမှုမရှိစေရန် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများအပေါ် ပိုမိုတာဝန်ရှိလာစေပြီး တာဝန်သိ၊ တာဝန်ယူမှုရှိသော အသိုက်အဝန်းဖြစ်ရန် တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ဘင်္ဂလားဒေ့ရှ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအတွင်းဝန် Mr. Tapan Kanti Ghosh က ဘင်္ဂလားဒေ့ရှ် BSS သတင်းဌာနသို့ ပြောကြားခဲ့သည်။

**Source: The Business Standard, 10 Dec 2023(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source: https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_19122023_203

## STOCK EXCHANGE (20.12.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 46,016 (Shares) | 79,318,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,800 | 8,800 | 8,700 | 146 | 1,272,100 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 3,315 | 9,449,250 | 38,929,150 | 110,948 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 17 | 28,050 | 29,664,613 | 48,947 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 1,950 | 1,321 | 2,587,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,800 | +100 | +2.13% | 4,700 | 4,800 | 4,700 | 11 | 51,900 | 10,497,598 | 50,389 |
| MAEX | 00008 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 6 | 10,000 | 23,804,946 | 39,278 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 20th Dec. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.99 | -2.86 | -0.78% | 367.85 | 367.85 | 364.99 | 4,816 | 13,398,300 | 8 | 688,435 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 20th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 46,016 (Shares) | 79,318,300 (MMK) |

### Main Board

As of 1:00 pm, 20th Dec. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 46,016 (Shares) | 79,318,300 (MMK) |

| MYANPIX | 364.99 ▼ 2.86 |
|---|---|
| Total Volume (shares) | 4,816 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,435 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 100 |
| MAEX | 00008 | 1,650 | ▼ 50 |

TIR